## ၂၀ ရာစု ဥပဒေပညာရှင် ပါမောက္ခ ကယ်(လ်)စင်

## [ Prof. Dr. Hans Kelsen ( 1881-1973)]

**ပါမောက္ခ ကယ်(လ်)စင်သည် ဩစတြီးယားနိုင်ငံသား၊ ဥပဒေပညာရှင်၊ တွေးခေါ်ရှင်တစ်ဦး ဖြစ်သည်။** ၎င်းသည် ၂၀ ရာစုတွင် ဆီဗီလ် ဥပဒေစနစ် (Civil Law System)ကိုပို၍ ပြည့်စုံခိုင်ခန့်စေသော " အခြေခံဥပဒေဆိုင်ရာ မူဝါဒသစ်၊ သီဝရီသစ် " ကိုဖော်ထုတ်ခဲ့သည့်ပြင် ၎င်းသီဝရီအရ လက်တွေ့လည်း အကောင်အထည်ဖော် လက်ခံကျင့်သုံးလျက်ရှိသည်။ ၎င်း၏သုတေသန 'ပရိုဂျက်' လုပ်ငန်းစဉ်များ၊ စာတမ်းများ၊ ပို့ချချက်များနှင့် ဥပဒေကျမ်းများသည် ကမ္ဘာကျော်၍ ဥပဒေ ပညာရှင်များ၏ ယုံကြည်လေးစားခြင်းခံရသူ ဖြစ်သည်။

ယနေ့ကမ္ဘာ၏နိုင်ငံပေါင်း(၇၀)ကျော်က လက်ခံကျင့်သုံးလျက်ရှိသော ကယ်(လ်)စင်၏ သီဝရီ၊ အခြေခံဥပဒေရေးရာမူဝါဒသည်ကား --- " အခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းများ၏ ပြုလုပ်ဆောင်ရွက်ချက်များသည် -- (အခြေခံဥပဒေဆိုင်ရာ တရားမျှတမှု - " Constitutional Justice" အတွက်) --- အခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ - မရှိ စိစစ်နိုင်ရန် - သို့မဟုတ် - အခြေခံဥပဒေနှင့်မညီသော ပြုလုပ်မှုများကို စီရင်ဆုံးဖြတ် ပယ်ဖျက် နိုင်ရန် --- အခြေခံဥပဒေဆိုင်ရာတရားရုံး၊ သီးခြားဖွဲ့စည်းတည်ထောင်၍ " အခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပိုင်ခွင့်" အပါအဝင် အခြေခံဥပဒေဆိုင်ရာ စီရင်ပိုင်ခွင့် (Constitutional Jurisdiction) အာဏာများအပ်နှင်းဆောင်ရွက်စေရေး---(တစ်နည်း)--- ဥပဒေက ခွင့်ပြုသည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကတင်သွင်းလာသည့်တင်သွင်းလွှာပါ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားပြဿနာကို အခြေခံဥပဒေဆိုင်ရာတရားရုံးက လက်ခံကြားနာ အဆုံးအဖြတ် ပေးရေး --" ဖြစ်သည်။

[ According to the Constitutional doctrine and the theory of Hans Kelsen, its meant for the ' Constitutional review.'

' Constitutional review' : - is the Constitutional Court's power to review the Constitutionality of the acts of the legislative and executive powers; OR -- is the Court's power to invalidate legislative and executive actions as being unconstitutional.]

# ပါမောက္ခ ကယ်(လ်)စင်၏ ဘဝနှင့် ဥပဒေလုပ်ငန်းများ

## ကယ်(လ်)စင်၏ဘဝနှင့်ပညာရေး

ဟန်း(စ်)ကယ်(လ်)စင်သည် ၁၈၈၁ ခုနှစ်၊ အောက်တိုဘာလ(၁၁)ရက်နေ့တွင် ချက်ကိုစလိုဗက်ကီးယားနိုင်ငံ၊ 'ပရပ်' မြို့တော်၌ 'ဂျူး' မျိုးနွယ်ဝင် မိဘနှစ်ပါးမှ မွေးဖွားသူဖြစ်သည်။ ၁၈၈၄ ခုနှစ်၊ ၎င်း(၃)နှစ်သားအရွယ်တွင် မိဘများက ဩစတြီးယားနိုင်ငံ၊ ဗီယာနာမြို့တော်သို့ ပြောင်းရွှေ့သွားရာ လိုက်ပါနေထိုင်ခဲ့သည်။ ၎င်းသည် ဗီယာနာ၊ အားကစားသိပ္ပံကျောင်း (Akademisches Gymnasium) မှ ပညာသင်ကြားအောင်မြင်ခဲ့ပြီးနောက် ဗီယာနာတက္ကသိုလ် ( University of Vienna) ၌ ဥပဒေပညာကို လေ့လာသင်ယူခဲ့သည်။

ဟန်း(စ်)ကယ်(လ်)စင်သည် နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနှင့်စပ်ဆိုင်သော အများဆိုင်ဥပဒေ ( Public Law) နယ်ပယ်ကဏ္ဍမှ 'ဥပဒေစံများဖြင့် စုဖွဲ့စည်းနှောင်ထားသည့်ဥပဒေ' သဘော သဘာဝတွင် ဥပဒေစံများ၏ စည်းနှောင်မှုသဘောတရား ( Concept of the bindingness of legal norms) နှင့် ဥပဒေပြဿနာများကို ၎င်း၏ပါရဂူဘွဲ့ကျမ်းအတွက် စူးစမ်းလေ့လာခဲ့သည်။ ပါရဂူဘွဲ့ကျမ်း၏ သုတေသန ရလာဒ်ကောင်းများ ['အခြေခံဥပဒေဆိုင်ရာ မူဝါဒသီဝရီသစ်များ ( Constitutional doctrine & new theory )] ဖော်ထုတ်တင်သွင်းနိုင်၍ ၁၉၀၆ ခုနှစ်တွင် ဗီယာနာတက္ကသိုလ်က ဥပဒေပါရဂူဘွဲ့ ( Dr. Jur)အပ်နှင်းခြင်းခံရသည်။ ထို့နောက် " တက္ကသိုလ်ပညာရပ်ပို့ချခွင့်လိုင်စင် " ' Habilitation' (license to hold university lectures) ရရှိရေးအတွက် ၁၉၁၁ ခုနှစ်တွင် " Hauptprobleme der Staatsrechtslehre" ကျမ်းခေါင်းစဉ် အမည်ပါ သုတေသနကျမ်းကြီးတစ်စောင်ကို တက္ကသိုလ်ပညာရေးကောင်စီသို့ တင်သွင်းခဲ့သည်။ (ဂျာမန်မှ - အင်္ဂလိပ်ဘာသာသို့ပြန်ဆိုသော် ' Main Problems in the theory of Public Law . ' ဟုအဓိပ္ပာယ်ရသည်။) တက္ကသိုလ်ပညာရေးအဖွဲ့က ၎င်းအား ဥပဒေသိပ္ပံ ဒေါက်တာဘွဲ့ (Dr. Sc. Jur) အပ်နှင်းလိုက်သည်။ တက္ကသိုလ်၌ အကြီးတန်း " ကထိက " (Dozent) ရာထူးနေရာတွင်လည်း ခန့်ထားခြင်းခံရသည်။ ထိုကျမ်းကြီးကို နိုင်ငံတော်က ပုံနှိပ်ထုတ်ဝေခဲ့သည်။

ဟန်း(စ်)ကယ်(လ်)စင်သည် အသက်(၃၁)နှစ်အရွယ် ၁၉၁၂ ခုနှစ်တွင် မာဂရက်ဘွန်ဒီ (Margarete Bondi) နှင့်ထိမ်းမြားလက်ထပ်ခဲ့သည်၊ သမီး(၂)ဦးထွန်းကားသည်။

## ပါမောက္ခ ကယ်(လ်)စင်၏ ဥပဒေလုပ်ငန်းများ

ဒေါက်တာ ဟန်း(စ်)ကယ်(လ်)စင်သည် ၁၉၁၉ ခုနှစ်တွင် ဗီယာနာတက္ကသိုလ်၊ အများဆိုင် စီမံခန့်ခွဲရေးဥပဒေဌာန၌ ပါမောက္ခ 'ကြီး' တာဝန် (Full Professor of public and administrative Law at the University of Vienna) ကိုခန့်အပ်ခြင်းခံရသည်။ ၎င်းသည်- " Zeitschrift für öffenthiches Recht " အမည်ရှိ 'အများဆိုင်ဥပဒေဂျာနယ်'("Journal of Public Law") ကို ဗီယာနာမြို့တော်တွင် တည်ထောင်၍ ကိုယ်တိုင်တည်းဖြတ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဒီမိုကရေစီနိုင်ငံသစ်များအတွက် - ဥပဒေရေးရာအတွေး၊ အမြင်၊ အယူအဆသစ်များ တိုးပွားကျယ်ပြန့်စေခဲ့သည်။ ပါမောက္ခသည် ' ခေတ်သစ်နိုင်ငံတော်များတည်ထောင်ရာတွင် ဒီမိုကရေစီကျင့်စဉ်အရ ဥပဒေဖြင့်အကောင်အထည်ဖော်ရမည်' (Democracy through law) ဟု ယုံကြည်သူဖြစ်သည်။

ပါမောက္ခကယ်(လ်)စင်သည် ဩစတြီးယားနိုင်ငံ၊ အဓိပတိ ဝန်ကြီးချုပ် (Chancellor Karl Renner) ၏မေတ္တာရပ်ခံတာဝန်ပေးအပ်ချက်အရ၊ ဩစတြီးယားအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ခဲ့သည်။ ကယ်(လ်)စင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံးများ အကောင်အထည်ဖော်ရေး စီမံချက် - ၁၉၁၈ ခုနှစ် ( 'On the establishment of Constitutional Court' for purposes of ' Constitutional review'; Kelsiano Project of 1918) ကိုရေးဆွဲတင်ပြခဲ့ရာ ၁၉၁၉ ခုနှစ်တွင် အမျိုးသား လွှတ်တော်က အတည်ပြုခဲ့သည်။ ( the project was sanctioned by the National Assembly in 1919.) ကယ်(လ်)စင်၏အခြေခံဥပဒေဆိုင်ရာတရားရုံး၊ တရား စီရင်ရေးဥပဒေမူများ၊ ဥပဒေစံများကို ၁၉၂၀ ပြည့်နှစ် ' ပထမ' ဩစတြီးယားသမ္မတနိုင်ငံ အခြေခံဥပဒေတွင် ရှေးဦးပထမ တွေ့မြင့်ရမည်ဖြစ်သည်။

ပါမောက္ခကယ်(လ်)စင်သည် - ၁၉၂၀ မှ ၁၉၃၀ နှစ်အထိ ဩစတြီးယားအခြေခံဥပဒေ တရားရုံးတွင် တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းတာဝန်ထမ်းဆောင်ခဲ့စဉ် ပါမောက္ခသည် - ဘာလင်မြို့တော်တွင် ၁၉၂၅ ခုနှစ် အတွင်းက ၎င်း၏ကျော်ကြားသော ကျမ်းတစ်ခုဖြစ်သည့် ' Allgemeine Staatslehre' အမည်ရှိ ( General Theory of the State) စာအုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။

ဥရောပတွင် - ထိုကာလ ထိုအချိန် ခေတ်ပြိုင်စနစ်ပြိုင် နိုင်ငံသည်ကား ဆိုဗီယက် ရုရှား ဖြစ်သည်။ ၁၉၁၈ ခုနှစ် ပထမ ဆိုဗီယက်ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်းကောင်း၊ ၁၉၂၄ ခုနှစ်၊ ဆိုဗီယက် ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံများ အခြေခံဥပဒေသည်လည်းကောင်း အားပြိုင် ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသည်။

ပါမောက္ခကယ်(လ်)စင်သည် ၁၉၃၀ ပြည့်နှစ်တွင် ဩစတြီးယားနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ တရားသူကြီးတာဝန်မှ နှုတ်ထွက်၍ ဂျာမဏီနိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ပြီး ကိုလုံးတက္ကသိုလ် (University of Cologne) ဥပဒေမဟာဌာနတွင် ပါမောက္ခရာထူးကို လက်ခံထမ်းဆောင်သည်။ ၁၉၃၃ ခုနှစ်တွင် ဂျာမဏီ၌ နာဇီများ (Nazis) အာဏာရလာသောအခါ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်၊ ဂျနီဗာတက္ကသိုလ်၊ အပြည်ပြည်ဆိုင်ရာနှင့်ဖွံ့ဖြိုးမှု လေ့လာရေးဌာန ( Geneva, Institute of International and development Studies) တွင် ပါမောက္ခတာဝန်ကို ထမ်းဆောင်ရင်း ၁၉၃၄ မှ ၁၉၄၀ အထိ အပြည်ပြည်ဆိုင်ရာဥပဒေဘာသာရပ်ကို သင်ကြားပို့ချခဲ့သည်။

၁၉၃၄ ခုနှစ်တွင် " Reine Rechtslehre" အမည်ရှိ ( Pure Theory of Law) ဥပဒေကျမ်းစာအုပ်ကို ပုံနှိပ်ထုတ်ဝေသည် - ထိုဥပဒေကျမ်းသည် ဥရောပတွင်သာမက အာဖရိကတိုက် နှင့်အထူးအားဖြင့် လက်တင်အမေရိကတိုက်အထိ ကျော်ကြားသည်၊ ကမ္ဘာ့ဥပဒေပညာရှင်များက ထိုကျမ်းကို [' Famous Text of Kelsen' ' Handbook of Civil Law Jurist] ဥပဒေပညာရှင် ဆရာတို့၏ လက်သုံးကျမ်းဟု ဆိုကြသည်။ ထိုမှနောက် ပါမောက္ခသည် ဂျနီဗာတွင် အပြည်ပြည်ဆိုင်ရာဥပဒေကိုပို၍ စိတ်ဝင်စားခဲ့သည်။ ၁၉၃၆-၁၉၃၈ ခုနှစ်များတွင်- ၎င်းသည် ‘ပရပ်’ မြို့တော်ရှိ ဂျာမန်တက္ကသိုလ်တွင် ( German University in Prague) ပါမောက္ခ တာဝန်ထမ်းဆောင်ခဲ့သေးသည်။

၁၉၄၀ ပြည့်နှစ် (ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခါနီး)တွင် ပါမောက္ခ ကယ်(လ်)စင်သည် အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့သွားခဲ့သည်။ ၎င်းသည် ဟားဗတ်တက္ကသိုလ်ကျောင်း (Harvard Law School) ၌ ဥပဒေဘာသာရပ် ပို့ချသည်။ ၁၉၄၂-၁၉၄၅ ခုနှစ်များတွင် ကာလီဖိုးနီးယားတက္ကသိုလ်၊ ဘာ့ကလေ နိုင်ငံရေးသိပ္ပံဌာန၌ ( University of California, Berkeley, Department of political Science) ပါမောက္ခတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ထိုကာလများအတွင်းတွင်မူ ပါမောက္ခသည် ကုလသမဂ္ဂနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာဥပဒေများနှင့်စပ်လျဉ်းသည့် ဥပဒေပြဿနာများကိုပို၍ လေ့လာပို့ချဆွေးနွေးခဲ့သည်။ ၁၉၅၃-၅၄ ခုနှစ်တွင် ပါမောက္ခကြီးသည် အမေရိကန်ပြည်ထောင်စုရေတပ်မတော်စစ်ကောလိပ် ( United States Naval war College) အပြည်ပြည်ဆိုင်ရာဥပဒေဌာန၌ “ဧည့်-ပါမောက္ခ” တာဝန်ကိုထမ်းဆောင်ခဲ့ကြောင်း လေ့လာရရှိသည်။ ပါမောက္ခကြီးသည် အမေရိကန် ပြည်ထောင်စု၌ ၁၉၇၃ ခုနှစ် ဧပြီလ ၁၉ ရက် အသက်(၉၂)နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။

ပါမောက္ခ ဒေါက်တာဟန်း(စ်)ကယ်(လ်)စင်သည် ကွယ်လွန်ခဲ့ပြီဖြစ်သော်လည်း 'သူ့အတွေး၊ အမြင်၊ အရေးအသားနှင့် အခြေခံဥပဒေဆိုင်ရာ သီဝရီ - ဥပဒေမူ၊ ဥပဒေစံ' တို့သည် ကွယ်ပျောက်ခဲ့ခြင်းမရှိ၊ ကမ္ဘာတစ်လွှား တိုးပွားရှင်သန်လျက်ရှိကြောင်း တွေ့ရပေသည်။

[ Professor's writings : -

' It appears the Constitutional Court as guarantor of the projection rules of the constitution. From a functional perspective the constitutional court is not superior to any organ of the State.

Indeed, the Constitutional Court was not born to destroy the law but to uphold the Constitution; while the parliament was not born to subvert the Constitution, but to create the law.']

" ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်စည်းမျဉ်းဥပဒေများ၏ အာမခံသူအဖြစ်ပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း --- လုပ်ငန်းသဘော၊ ပကတိမြင်ကွင်းအရ ရှုမြင်သော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းများ၏အထက်တွင် မရှိကြောင်း ---

အမှန်စင်စစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဥပဒေကိုဖျက်ဆီးရန် မွေးဖွားလာခြင်းမဟုတ် - အခြေခံဥပဒေတည်တံ့ရေးကို ထောက်ကူရန်ဖြစ်ကြောင်း -- အလားတူ -- ပါလီမန်သည်လည်း အခြေခံဥပဒေကို ဖြိုဖျက်ရန်မဟုတ်-ဥပဒေပြုလုပ်ရန်ဖြစ်ကြောင်း ---" ပါမောက္ခကယ်(လ်)စင်၏ပို့ချရေးသားချက်များမှ ကောက်နုတ်၍ ၄င်းဘဝမှတ်တမ်းတွင် ဂုဏ်ပြုရေးသားရပေသည်။

ပါမောက္ခ ဒေါက်တာတင်အောင်အေး

၁၀ - ၄ - ၂၀၀၂